ACC Against COVID-19




# အစီအစဉ်(၅)

# “မြန်မာနိုင်ငံ အလုပ်ရှင်၊ အလုပ်သမားများနှင့် COVID–19”


## တင်ပြသူ

ဒေါက်တာသီတာအောင်

ပါမောက္ခ၊ ဥပဒေပညာဌာန

မန္တလေးတက္ကသိုလ်

မြန်မာနိုင်ငံအနေဖြင့် တည်ဆဲ
အလုပ်ရှင်၊ အလုပ်သမား
ဥပဒေများအပြင် လိုက်နာ
ဆောင်ရွက်ရန်
ညွှန်ကြားချက် များထုတ်ပြန်
ထားပြီး ဖြစ်ပါသည်။










အလုပ်ရှင်များ
လိုက်နာဆောင်ရွက်ရန်
အတွက် အလုပ်ခွင်
သာယာရေး၊ ကျန်းမာ
သန့်ရှင်းရေး၊ လုံခြုံမှုရှိစေရန်
ဆိုင်များနှင့် အလုပ်ဌာနများ
ဥပဒေ၏ ပုဒ်မ (၂၆)တွင်
ပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်။




ထို့အပြင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ၁၉၉၅ တွင် အလုပ်ရှင်အနေဖြင့် မိမိအလုပ်ခွင်သာယာ သန့်ရှင်းရေး ကျန်းမာရေး ညီညွတ်မှုများကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။






အလုပ်သမားများဖက်မှလည်း
မြန်မာနိုင်ငံကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်
ကြေညာထားသော ညွှန်ကြားချက်များ၊
ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ၁၉၅၁၊
လူမှုဖူလုံရေးဥပဒေ၊ အလုပ်အကိုင်နှင့်
ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၂၀၁၃၊
ရာဇသတ်ကြီးတို့ကိုလည်း
လိုက်နာ
ဆောင်ရွက်ကြရပါသည်။





မြန်မာနိုင်ငံအနေဖြင့်
COVID-19
ကူးစက်ရောဂါ၏
စိန်ခေါ်မှုကို ရင်ဆိုင်
တွေ့ကြုံနေရပါသည်။



ထိုစိန်ခေါ်မှုကိုကျော်လွှား
နိုင်ရန်အတွက် အလုပ်ရှင်၊
အလုပ်သမား၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာနနှင့်
အစိုးရတို့ ပူးပေါင်း
ဆောင်ရွက်ရမည်ဖြစ်ပါသည်။









ထိုသို့ ဆောင်ရွက်ရာတွင်
ချမှတ်ထားသော စည်းမျဉ်း၊
စည်းကမ်း၊ အမိန့်
ကြော်ငြာစာများဖြစ်သော
ဥပဒေများကို လေးစား
လိုက်နာကြရမည်။








ထို့အပြင် နိုင်ငံသားတိုင်း မိမိ အသိစိတ်တွင် အကောင်း၊ အဆိုး၊ အမှား၊ အမှန်တို့နှင့် ဆက်စပ်နေသည့် အခြေခံမူဖြစ်သည့် အမှန်အမှား အသိစိတ်၊ လူ့အကျင့်သိက္ခာ အကျင့်တရားတို့ကိုလည်း အထူးသတိပြုရန် လိုအပ်လှပါသည်။







ထို့ကြောင့် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများကို လိုက်နာရာတွင် လူ့အကျင့်သိက္ခာ စောင့်ထိန်းခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ယခုကျရောက်နေသော COVID-19 ကူးစက်ရောဂါကို နိုင်ငံသားတိုင်း အတူတကွ ပူးပေါင်းဆောင်ရွက်လိုက်နာခြင်းဖြင့် ရင်ဆိုင်ကျော်လွှားကြပါရန် တိုက်တွန်းအပ်ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေးကဏ္ဍ၏ အထူးအစီအစဉ်အနေနှင့် “ACC Against Covid-19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ်အသီးသီးမှ ပညာရှင်များ ရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်း နှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြအပ်ပါသည်။

A special program “ACC Against Covid-19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.